
Ko Pauk
(Mdy)
တိမ်းနွယ်
ယိမ်းဖယ်
စိမ်းလွယ်

# (အပိုင်းတစ်)

(တိမ်းနွယ် ...)

ဒီဇင်ဘာလထဲက တစ်ရက်မှာ ကျွန်မတို့ သူငယ်ချင်းတစ်တွေ မင်းကွန်းဘက်ကို သွားကြဖို့ အကြောင်းဖန်လာပါတယ်။

အဝေးမှာ ရှိနေတဲ့ မိတ်ဆွေတစ်ယောက်က မင်းကွန်းမှာ သီလရှင်ဝတ်နေတဲ့ သူ့မိတ်ဆွေဆီကို အလှူငွေနဲ့ ပစ္စည်းတချို့ကို သွားပို့ခိုင်းတာပါ။

မင်းကွန်းဆိုတဲ့ အရပ်မှာ လူကြုံဖို့ ဆိုတာက မဖြစ်နိုင်တာရယ် ကိုယ်တိုင်ကလဲ မရောက်တာကြာလို့ သွားချင်နေတာရယ် ဆိုတော့ အလုပ်ပိတ်ရက်ဖြစ်တဲ့ ဥပုသ်နေ့ တစ်နေ့မှာ ကျွန်မရယ် မိုးစနလို့ ခေါ်တဲ့ မိနှင်းရယ် ၊ နာမည်ရင်း အိအိတုန်ဆိုတဲ့ နာမည်ပျောက် သွားလောက်အောင် စွာလွန်းတဲ့ ဂွဲဂွဲရယ် သုံးယောက်သား မင်းကွန်းသွားဖို့ အစီအစဉ်တွေ ဆွဲခဲ့ကြပါတယ်။

ဆိုင်ကယ်နှစ်စီးနဲ့ သွားကြမယ်။

ဆိုင်ကယ်ကို မရမ်းခြံဆိပ်က အသိအိမ်ကို ထားခဲ့မယ်။ ပြီးရင် အများ သွားတဲ့ မော်တော်လေးနဲ့ လိုက်ကြမယ်။

ဟိုရောက်ရင် အရင်ဆုံး မင်းကွန်းဆရာတော်ကြီးရဲ့ ကျောင်းကို လှည်းငှားပြီး သွားမယ်။

ပစ္စည်းပါးလိုက်တဲ့ သီလရှင်ချောင်ကို သွားမယ်။

အဲဒီက ပြန်လာမှ ပုထိုးတော်ကြီး၊ မင်းကွန်းခေါင်းလောင်း၊ မြသိန်းတန်စေတီကို သွားမယ်။ အစီအစဉ်တွေကတော့ ဟုတ်လို့ ပါပဲ။

ဒါနဲ့ မနက် ရှစ်နာရီလောက်မှာ ရေဆိပ်ရောက်လို့ သာယာလှတဲ့ မြစ်တွင်းက မြင်ကွင်းကို ခံစားရင်း မင်းကွန်းဘက်ရောက်တော့ ဆွဲထားတဲ့ အစီအစဉ်အတိုင်း သွားကြပါတယ်။

ဥပုသ်ရက်ဖြစ်တာကြောင့် မင်းကွန်းဘက်မှ လူကတော့ အသင့်အတင့် စည်ပါတယ်။

ဒါနဲ့ ဘဲ မင်းကွန်းခေါင်းလောင်း နံဘေးက အကြော်ဆိုင်မှာ အကြော်တွေစားပြီး မြသိန်းတန်ဘုရား ဘက်ကို သွားကြပါတယ်။

ဘုရားလည်း ရောက်ရော ကျန်တဲ့ နှစ်ယောက်က ဗွေဖောက်ပါတော့တယ်။

"ညောင်းပြီ အောက်ကဘဲ ဈေးဆိုင်တွေကို ကြည့်ရင်းနဲ့ စောင့်မယ်" လို့ ဆိုကြပါတယ်။

ကျွန်မကလည်း ဒီမြသိန်းတန်ဘုရား ရောက်ရင် အပေါ်ရောက်အောင် တက်ရမှ ကျေနပ်ပါတယ်။

ဘုရားရောက်လို့ အပေါ်တက်မယ်လည်း လုပ်ရော အမွှေးတိုင်တို့ ဖယောင်းတိုင်တို့ ရောင်းတဲ့ ကလေးတွေက ဝိုင်းလာပါတယ်။

ကျွန်မက လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး ဘုရားဖူးချင်တာနဲ့ အောက်မှာ ကျန်ခဲ့တဲ့ နှစ်ကောင်ကို ဒီကလေးတွေကို လက်လွှဲပေးလိုက်ပါတယ်။

ကလေးတွေနဲ့ သူတို့ ဘုရားသမိုင်းကြောင်း တွေပြောကြ ငြင်းကြ လုပ်နေချိန်မှာ ကျွန်မဘုရားပေါ်ကို တက်ခဲ့ပါတယ်။

သီတာခုနစ်တန် ပုံစံဖော်လို့ ရေလှိုင်းသဏ္ဌာန် အုတ်တံတိုင်းတွေက ထူးခြားစွာလှပ။ ဒေးရင်းတွေးရင်း အပေါ်ကို တစ်ထစ်ချင်း တက်လာလိုက်ပါတယ်။

အပေါ်ရောက်တော့ ဘုရားထဲဝင်ဖူး။ ဘုရားပတ်ပတ်လည်ကို လှည့်ပတ်ကြည့်လို့ ဝမှ အောက်ကို ပြန်ဆင်းလာပါတယ်။

ဘုရားပေါ်က ပြန်ဆင်းအလာ ဒုတိယအဆင့် အရောက် အောက်ကို ခြေလှမ်းလှမ်းချိန် ကျွန်မ ညာဘက်ဖနောင့်မှာ စူးခနဲ ဖြစ်အသွား ကျွန်မလည်း ဟန်ချက်ပျက်ပြီး ရှေ့ကို စိုက်ကျသွားပါတယ်။

ကျွန်မစိတ်ထဲမှာ အောက်ကိုတော့ တလိမ့်ကောက်ကွေးကျပြီ ဆိုတဲ့ အသိနဲ့ ဖြစ်ချင်ရာဖြစ် ဆိုပြီး မျက်စေ့စုံမှိတ် လိုက်မိပါတယ်။

ဒါပေမဲ့ နူးညံ့ပြီး အင်အားအပြည့်ပါတဲ့ လက်တစ်ဖက်က ကျွန်မ လက်မောင်းကို ဆွဲယူလိုက်တာကြောင့် အောက်မရောက်ဘဲ လူတစ်ဦးရဲ့ ရင်ခွင်ထဲကို ရောက်သွားပါတယ်။

ရင်ထဲမှာ နွေးကနဲ ဖြစ်သွားပေမယ့် အောက်လိမ့်ကျတာ ထက်စာရင် အများကြီးတော်တယ်လို့ ဆိုနိုင်ပါတယ်။

သူက ကျွန်မဟန်ချက် ညီသွားတဲ့ အခါ ဆွဲထားတဲ့ လက်ကို လွှတ်ပေးလိုက်ချိန်မှာ တော့ လှေကားထစ်ပေါ် ဖင်ထိုင်ချ လိုက်မိပါတယ်။

"မမ ခြေထောက်မှာ သွေးတွေ" လို့ ပြောတဲ့ အသံလေးကြားမှ ငုံ့ကြည့်မိပါတယ်။

သူကကျွန်မကို ကျော်ဆင်းပြီး အောက်က လှေကားထစ်မှာ အကျအ

နထိုင် သူ့လွယ်အိတ်ထဲက တစ်ရှူးထုပ်လေးကို ထုတ်လို့ ကျွန်မခြေထောက်မှာ ပေနေတဲ့ သွေးတွေကို အရင်သုတ် ပေးပါတယ်။

နောက်အတော်လေး သန့်သွားပြီဆိုမှ သူ့အိတ်ထဲကနေ ဇာဂနာလေးကို ထုတ်ပြီး ကျမခြေထောက်မှာ စူးနေတဲ့

အရိုးစလေးကို ဆွဲထုတ်ပေးပါတယ်။

ကျွန်မက နာတော့ တွန့်သွားပြီး စုပ်သပ်လိုက်တဲ့ အခါ

"ခဏလေး ငြိမ်ငြိမ်လေး နေပေးနော် တော်ကြာ ဆူးစလေး ကျန်နေမှာ စိုးလို့ "လို့ ပြောရင်းစူးနေတဲ့ ဆူးကို စိတ်ရှည်လက်ရှည်နဲ့ ဆွဲထုတ်နေပါတယ်။

"ခွေးရိုးလား ဘာရိုးလား မသိဘူး တော်သေးတယ် အရိုးက ဖွာမနေလို့ "

နောက်သူကဆက်ပြီး စိမ့်ထွက်လာတဲ့ သွေးကိုတိတ်အောင် တစ်ရှူးလေးနဲ့ ဖိပေးနေပါတယ်။

ဒါပေမဲ့ သွေးကတော်တော်နဲ့ မတိတ်သလို လှေကားပေါ်မှာ တောင်သွေးတွေ စွန်းနေပါတယ်။

အဲဒီတော့ မှ သူ့လက်က ကျွန်မခြေသလုံးကို ကိုင်ထားတယ်ဆိုတာသိတော့ ကျွန်မရှက်သလိုလို ဖြစ်သွားပြီး

"ရလောက်ပြီနော် ကျေးဇူးပဲ" လို့ ပြောပြီး မတ်တတ်ရပ်မယ် အလုပ်မှာ မဟန်နိုင်ဘဲ ပြန်ခွေကျသွားပါတယ်။

"အစ်မရေ အရိုးစ ဝင်သွားတာက အတော်ကြီးတယ်၊ အောက်ကိုကျွန်တော် တွဲပို့ပေးမယ်နော်"လို့ ပြောရင်း ကျွန်မဘေးမှာ အသာလေး

လာရပ်ပေးတော့ သူ့ပခုံးကိုအားပြုပြီး ဆင်းရပါတော့တယ်။

လုပ်ငန်းခွင်ထဲမှာ ယောကျ်ားလေးတွေနဲ့ နီးနီးကပ်ကပ် အလုပ်လုပ်ပေမယ့် အခုလို တစ်စိမ်းသူနဲ့ ပူးပူးကပ်ကပ် မနေဖူးတော့ စိတ်ထဲမှာ ရှက်တာလိုလို ခံစားရပါတယ်။

ဒါပေမဲ့ အေးဆေးတည်ငြိမ်ပြီး ကူညီတယ် ဆိုတာထက် အပိုအလိုမရှိတဲ့ သူ့ရဲ့ ဆက်ဆံပုံကြောင့် ရှက်စိတ်တွေ ခဏလေးနဲ့ ပျောက်သွားပါတယ်။

သူကိုမှီပြီး ဖြည်းဖြည်းဆင်း လာပေမယ့် မိုးစနနဲ့ ဂွဲဂွဲ တို့ ကအောက်မှာ မတွေ့တော့ စိတ်နည်းနည်း ညစ်သွားပါတယ်။

နောက် ဘုရားခြေရင်း သစ်ပင်ရိပ်နားမှာ ကျွန်မကို ထိုင်ခိုင်းပြီး

"အစ်မ ဒီနားက ခဏစောင့်နေနော်" ဆိုပြီးဆိုင်တန်းတွေဘက် ထွက်လာပါတယ်။

အဲဒီအချိန်မှ ဟိုနှစ်ယောက် ဘုရားဘက်ကို လမ်းလျှောက် ပြန်လာကြပါတယ်။

သူတို့ ရောက်လာတော့ ဖြစ်ကြောင်းကုန်စဉ်ကို ပြောပြနေတုန်း သူ ပြန်လာပါတယ်။

သူ့လက်ထဲမှာ ရေခဲထည့်ထားတဲ့ ကျွတ်ကျွတ်အိတ် တစ်လုံးနဲ့ ။

ကျွန်မနားရောက်မှ "သွေးတိတ်အောင် ရေခဲ ကပ်လိုက်ရအောင်နော်" ဆိုပြီး ကျွန်မခြေထောက်ကို လှမ်းကိုင်မယ် လုပ်မှ ကျွန်မလည်း သတိဝင် လာပြီး

"ရတယ် အစ်မ ဘာသာလုပ်မယ်လေ  အစ်မကို ပေးလိုက်" ဆိုပြီး

ရေခဲထုပ်ကို လှမ်းယူပြီး ဆူးစူးထားတဲ့ နေရာမှ အုပ်လိုက်ပါတယ်။

ဆယ်မိနစ်လောက် နေတော့ ရေခဲလည်း အရည်ပျော် သွေးလည်း တိတ်သွားပါတယ်။

ဒါပေမဲ့ အဝေးကြီး လမ်းလျှောက်လို့ မရတော့ဘူးဆိုတာ သေချာသွားတော့ ဘယ်လိုပြန်ရမှန်း မသိနိုင်အောင် ဖြစ်သွားပါတယ်။

အဲဒီအခက်အခဲကို သူ ရိပ်မိပုံ ရပါတယ်။

"အစ်မတို့ ဘာနဲ့ လာတာလဲ"

"မော်တော်နဲ့ လာတာ အစ်မတို့ ဆိုင်ကယ်တွေက ဟိုဘက်ကမ်းမှာ "

"ကျွန်တော်တို့ ကတော့ ဆိုင်ကယ်နဲ့ လာတာသူငယ်ချင်းနှစ်ယောက်ပါသေးတယ်"

"အစ်မကို မြစ်ဆိပ်ရောက်အောင် ဆိုင်ကယ်နဲ့ ပို့ပေးမယ်လေ "လို့ သူကပြောပါတယ်။

ခက်တာက ဟိုဘက် ကမ်းရောက်ရင်တောင်မှ ကျွန်မတို့ ပြန်ဖို့ ခက်ပါတယ်။

ကျွန်မနဲ့ မိုးစနကသာ ဆိုင်ကယ်မောင်းတတ်တာ မိဂွဲက ထိုင်လိုက်ရုံဘဲ လိုက်တတ်တာလေ။ အဲတော့ ဆိုင်ကယ်နှစ်စီး စီးတတ်သူတစ် မစီးတတ်သူတစ် စီးတတ်ပေမယ့် မစီးနိုင်သူတစ် ဖြစ်တော့ ကျွန်မဘယ်လိုလုပ် ပြန်လို့ ရမှာ လဲနော်။

နောက်တော့ ကျွန်မတို့ ထဲမှ အသွက်ဆုံး မိဂွဲက ကျွန်မတို့ ရဲ့ အခက်အခဲကို ပြောပြလိုက်ပါတယ်။

"ရတယ်ဒါဆို ကျွန်တော်အစ်မတို့ နဲ့ လိုက်ခဲ့မယ်၊ ပြီးမှ အစ်မတို့

အိမ်အထိ လိုက်ပို့ပေးမယ်လေ။

မန်းလေးရောက်မှ ကျွန်တော်က အဆင်ပြေသလို ပြန်မယ်"

အဲဒါနဲ့ သူက သူ့သူငယ်ချင်းတွေကို လိုက်ရှာ။

ဆိုင်ကယ်တစ်စီး ယူပြီး ကျွန်မကို ဆိုင်ကယ်နဲ့ မြစ်ဆိပ်ရောက်အောင် လိုက်ပို့။ သူ့သူငယ်ချင်း သုံးယောက်နဲ့ ကျွန်မသူငယ်ချင်း နှစ်ယောက်က လမ်းလျှောက်လာ။ နောက်မှ မြစ်ဆိပ်မှာ ဆုံကြပါတယ်။

သူက ကျွန်မတို့ နဲ့ လိုက်လာမယ် ကျွန်မတို့ ကို အိမ်ပြန်ပို့ပေးမယ်။

သူ့သူငယ်ချင်းတွေက ဆိုင်ကယ်နဲ့ သူတို့ ဘာသာသူတို့ ပြန်ကြမယ်။ မန်းလေးရောက်မှ ပြန်ဆုံမယ်ဆိုတဲ့ အစီအစဉ်ကို သူဘဲ ရေးဆွဲလို့ မော်တော်ပေါ် တက်ခဲ့ကြပါတယ်။

မြစ်တွင်းမှာ မော်တော်လေးက တအိအိနဲ့ ပြေးနေဆဲ။ ကျွန်မကတော့ အနာက နာတာကြောင့် ငြိမ်သက်။

သွက်လွန်းတဲ့ မိဂ္ဂက ကောင်လေးကို အင်တာဗျူးတွေ လုပ်နေပါတယ်။

သူတို့ နှစ်ယောက် ပြောနေရင်း သူနာမည်က "မင်းဇော်ဟန်"ဒါပေမဲ့ "မင်းမင်း"လို့ ပဲ ခေါ်ကြတယ်။ အမရပူရလို့ လည်း ခေါ်တဲ့ တောင်မြို့ နန်းတော်ရာကွက်သစ်မှာ နေတယ်။

ကုမ္ပဏီတစ်ခုမှာ အရောင်းသမားတွေကို အုပ်ချုပ်တဲ့ သူ။ အလုပ်ကို လိုင်းကားနဲ့ သွားရတယ်။

သူအလုပ်လုပ်တဲ့ နေရာနဲ့ ကျွန်မတို့ ဆိုင်ဖွင့်ထားတဲ့ နေရာက သိပ်မဝေးဘူး။ အမေ မရှိတော့ဘူး။

သူ့အဒေါ် အပျိုကြီး တွေနဲ့ အတူ နေတယ်။

တစ်ဦးထဲသော သား။ မေးလိုက်တာ အလုပ်လျှောက်လွှာထဲက အတိုင်း ပြည့်စုံလွန်းပါတယ်။

ထပ်မေးစရာ မလိုလောက်အောင်ကို မမေးဘဲ သိလိုက်ပါတယ်။

ဒါနဲ့ ဘဲ မန်းလေးဘက် ကမ်းပြန်ရောက်တော့ မိုးစနနဲ့ သူနဲ့ က မိတ်ဆွေအိမ်မှာ ထားခဲ့တဲ့ ဆိုင်ကယ်သွားယူ။

ကျွန်မက သူ့နောက်က ထိုင်လိုက်။ မိုးစနနဲ့ မိဂွဲက တစ်စီး ပြန်ခဲ့ကြပါတယ်။

ကျမတို့ ကန်ပတ်လမ်းအတိုင်း တောင်ဘက်ကို လာခဲ့ပါတယ်။

35လမ်းရောက်တော့ စိန်ပန်းထဲနေတဲ့ မိဂွဲကို ပြန်ပို့မယ် ဆိုပြီး မိုးစနတို့ က အရှေ့ဘက် တက်သွားကြပါတယ်။

အဲတော့ သူနဲ့ ကျမက အတူတူ ပြန်လာရတာပေါ့။

သူငယ်ချင်း ယောကျ်ားလေးတွေနဲ့ အတူ တွဲသွားတွဲလာ လုပ်ခဲ့ပေမယ့် အခုမှ သိတဲ့ လူ တစ်ယောက်နဲ့ ဆိုင်ကယ်အတူ တွဲစီးနေတာကို သူများ တွေများ မြင်သွားရင် ခက်မယ်ဆိုတဲ့ အတွေးစိတ်ထဲ ရောက်လာတော့ ရှက်သလိုလို ခံစားမိပါတယ်။

ဒါနဲ့ ဘဲ သူက ဈေးထွန်းတိုက်ခန်းနား ရောက်တော့

"မမရေ ဒီနားကဘဲ ဆင်းလိုက်မယ်နော်" လို့ ပြောတဲ့ သူ့အသံကြားမှ အတွေးတွေရပ်ပြီး "အင်း" လိုက်ရပါတယ်။

သူဒီလို ပြောနိုင်တာကလည်း သူနဲ့ မိဂွဲ ပြောနေရင်း ကျွန်မ ကန်တော်ကြီးက ကန်ပတ်လမ်းမှာ နေတယ်ဆိုတာ သူသိနေလို့ ပါပဲ။

အဲဒါနဲ့ အိမ်ပြန်ရောက်တော့ ခြံဝမှာ ရပ်နေတဲ့ ဒေါ်လေးက ခြေထောက်ထော့နဲ့ နဲ့ နဲ့ ကျွန်မကို တစ်ခါမှ မတွေ့ဘူးတဲ့ လူတစ်ယောက်ရဲ့ ပခုံးကိုကိုင်ပြီး လိုက်လာတာ မြင်တော့ အရမ်းအံ့ဩတဲ့ မျက်လုံးနဲ့ ကြည့်နေလိုက်တာများ တကယ်ကို ရယ်စရာကြီးပါ။

အဲဒါနဲ့ အိမ်ထဲက ခုံမှာ ထိုင်ပြီးမှ ဒေါ်လေးကို အကြောင်းစုံ ပြောပြရင်း ကျွန်မတို့ သောက်ဖို့ အအေးလုပ်ခိုင်း ရပါတယ်။

ဒေါ်လေးက တစ်ခါ သူ့ကို တစ်ခါ အင်တာဗျူး ပြန်ပါတယ်။

သူကလည်း ဒေါ်လေးမေးသမျှကို ရည်ရည်မွန်မွန်နဲ့ တိတိကျကျ ပြန်ဖြေပါတယ်။

ဒေါ်လေးကလည်း သူနဲ့ စကားပြောနေရင်း သူ့ပြောပုံဆိုပုံကို ကျေနပ်သဘောကျ နေသလိုပါပဲ။

ခဏနေတော့ သူကပြန်တော့မယ် ဆိုပြီး ကျွန်မဆီက ဖုန်းငှားလို့ သူ့သူငယ်ချင်းတွေဆီ ဆက်ပါတယ်။

သူ့ကိုလာခေါ်ဖို့ လှမ်းခေါ်တာပါ။

သူဖြစ်ချင်တော့ ဆက်လိုက်တိုင်း ဧရိယာပြင်ပနဲ့ ဘဲ တွေ့နေပါတယ်
။

အဲဒါနဲ့ သူက လမ်းလျှောက်ပြီးဘဲ ပြန်မယ် လုပ်ပါတယ်။

အဲဒီအခါမှာ ဒေါ်လေးက ကျွန်မကို "မိန္ဒယ်ရယ် ညည်းလည်း အခုရက် ဆိုင်ကယ်စီးနိုင်မှာ မဟုတ်ဘူး ။ လမ်းလည်း ကြုံတယ် ဆိုင်ချင်းလည်း နီးနေတယ် အဲတော့ "မင်းမင်း"က ကူညီတဲ့ အနေနဲ့ မင်းအစ်မကို အခုရက် အကြိုအပို့ လုပ်ပေးနော်၊ သူခြေထောက်ကောင်းတဲ့ အထိပေါ့"

အဲဒါနဲ့ သူလည်း ကျွန်မဆိုင်ကယ်ကို ယူပြီး ပြန်သွားပါတယ်။ ဘယ်သူမှ သိပ်အယုံအကြည် မရှိတဲ့ ဒေါ်လေးက အခုမှ တွေ့တဲ့ သူ့ကို ယုံယုံကြည်ကြည်နဲ့ ဆိုင်ကယ် ပေးလိုက်တာကတော့ သိပ်ကို ထူးဆန်းလွန်းပါတယ်။

အဲဒီနေ့ကစလို့ မနက်ဆိုရင် သူက ကျွန်မကို ဝင်ခေါ်ပါတယ်။ အပြန်မှာ ဝင်ပို့။

တစ်ခါတလေတော့လည်း အိမ်သုံးဖို့ လိုတဲ့ ပစ္စည်းတွေကို ဘုရားကြီးနားက ဆိုင်တွေမှာ အတူဝင်ဝယ်။ ဒေါ်လေးက သူ့ကို ညစာ ထမင်းစားပြီးမှ အပြန်ခိုင်းပါတယ်။

သူကတော့ အားနာလို့ ထင်ပါတယ် ငြင်းပါတယ်။ ဒါပေမဲ့ ဒေါ်လေးက သုံးယောက်စာ ချက်ထားပြီးသား ဆိုတော့သူ့မှာ မငြင်းနိုင်ပါဘူး။

သူကလည်း တကယ့်ကို သိတတ်တဲ့ သူ။

ထမင်းစားမယ် ဆိုတာနဲ့ မီးဖိုထဲမှာ ဒေါ်လေးနဲ့ အတူ ထမင်းပွဲပြင်၊ စားသောက်ပြီးရင်လည်း ထမင်းပုဂံတွေကို အတူ သိမ်းဆည်းပေး။

အလုပ်လုပ်နေရင်း ဒေါ်လေးနဲ့ စကားတွေပြောလိုက် ရယ်လိုက်မောလိုက်။

ခြေထောက်ကောင်းကောင်း မထောက်နိုင်တဲ့ ကျွန်မက လူပိုသက်သက်။

ပြီးတော့ တီဗွီအတူ ထိုင်ကြည့်ရင်း စကားတွေပြော သူပြန်တော့ ညကိုးနာရီနီးပါး။

တစ်ခါတလေ ကျွန်မက လက်ဖက်ရည် သောက်ချင်ရင် ကန်တော်

ကြီး အကွေ့က ကဖေးချိုချိုမှာ လက်ဖက်ရည် သွားသောက်။

အလုပ်ပိတ်တဲ့ ဥပုသ်နေ့ဆို ပြန်ရင်လည်း နေ့လယ်ကျရင် ကျွန်မ သွားချင်တဲ့ ဆီကို လိုက်ပို့ဖို့ အိမ်ကိုရောက်လာ။ သူနဲ့ အတူတူသွား ။

နှစ်ပတ်လောက် ဒီလိုအတူနေပြီးတော့ ကျွန်မခြေထောက်လည်း ကောင်းသွားပါပြီ။

ကျွန်မလည်း သူ့ကို ဆိုင်ကယ်နောက်မှာ ထိုင်ခိုင်းပြီး အစမ်းစီးကြည့်တော့ အိုကေပါပဲ။

ကျွန်မခြေထောက် ကောင်းသွားတော့ သူနောက်နေ့ လိုက်မပို့တော့ဘူးလို့ အပြော ဒေါ်လေးက သူ့ကို အခုလိုဘဲ လိုက်ပို့ပေးဖို့ ပြောပါတော့တယ်။

အစကတည်းက ကျွန်မတစ်ယောက်ထဲ သွားပြန်နေရတာကို စိတ်မချတာကို အကြောင်းပြတာပါဘဲ။

"မင်းမင်း"ကိုလည်း တူလိုသားလိုချစ်တဲ့ အကြောင်း၊ ကျွန်မကိုလည်း အစ်မ တစ်ယောက်လို သဘောထား စေလိုကြောင်း၊ မိန်းမသား နှစ်ယောက်ထဲရှိတဲ့ အိမ်မှာ "မင်းမင်း" ရှိနေတော့ အရင်ကထက်စာရင် လုံခြုံတဲ့ အကြောင်းတွေနဲ့ ထောက်ပြတော့ သူ့မှာ မငြင်းနိုင်တော့ပါဘူး။

အပွင့်လင်းဆုံး ပြောရရင် အစ်ကိုမရှိ မောင်မရှိနဲ့ နေလာရတဲ့ ကျွန်မဘဝမှာ "မင်းမင်း"က တွယ်တာစရာ လူတစ်ယောက်အဖြစ် နေရာ ယူလာပါတယ်။

အဲတော့ ဒေါ်လေးရဲ့ သဘောတူညီချက် အရ အရင်လိုဘဲ အတူသွား အတူပြန် ဖြစ်သွားပါတယ်။ ပိတ်ရက်ဆို တစ်ခါတလေ ရုပ်ရှင် အတူသွားကြည့် သူငယ်ချင်းတွေဆီ သွားတဲ့ အခါ သွားပေ့ါ။

အရင်က ဘယ်ယောကျ်ားလေးနဲ့ မှ အခုလို ပတ်ပတ်သက်သက် မရှိတဲ့ ကျွန်မကို "မင်းမင်း" နဲ့ တတွဲတွဲ နေတာကို မြင်ရတဲ့ မိတ်ဆွေတွေရော မိုးစနတို့ မိဂ္ဂတို့လို သူငယ်ချင်းတွေရော လုပ်ဖော်ကိုင်ဖက်တွေရဲ့ စိတ်ထဲမှာ ကျွန်မနဲ့ မင်းမင်းက"ဘာလဲ"ဆိုတဲ့ မေးခွန်းရဲ့ အဖြေကို သိချင်စိတ်က ငယ်ထိပ် ရောက်နေသလိုပါဘဲ။

ဒါပေမဲ့ နှစ်ယောက်လုံးကတော့ အခုထိ အရင်အတိုင်းပါဘဲ။

တစ်ရက်တော့ ဒေါ်လေးက

"မိန္ဒယ်ရေ မင်းမင်းကို ဟန်းဖုန်းတစ်လုံးလောက် ဝယ်ပေးလိုက်ရအောင် "လို့ ဆိုလာပါတယ်။

သူ့အကြောင်းပြချက် ကတော့ ညရေးညတာဖြစ်ဖြစ် ကိစ္စရှိရင်ဖြစ်ဖြစ် ဆက်သွယ်ရ လွယ်ကူအောင်ပေ့ါ။

ဒါနဲ့ ဘဲ မင်းမင်းရဲ့ မွေးနေ့မှာ "စီဒီအမ်အေ" တစ်လုံး ဝယ်ပြီးပေးတော့ ကိုယ်တော်ချောက မယူချင်ဘူးတဲ့ ၊ ဒေါ်လေးက ပေးတာဆိုတော့မှ သူ ယူပါတယ်။

သူဖုန်းရှိတော့ ဆက်သွယ်ရတာ ပိုလို့ အဆင်ပြေတာတော့ အမှန်ပါပဲ။

ဒီတော့လည်း ညည ဆို ဖုန်းခေါ်ပြီး ပြောဖြစ်ပါတယ်။

နေ့စဉ်အတူသွား အတူလာတော့လည်း  သံယောဇဉ် နှောင်ဖွဲ့မိတာလည်း အမှန်။

ညတိုင်းညတိုင်း ကိုယ့်ငယ်ဘဝ ဖြတ်သန်းမှုတွေ၊ သူများကို မပြောပြချင်တဲ့ အကြောင်းတွေ၊ မပြောခဲ့တဲ့ အကြောင်းတွေ၊ ကိုယ့်ရဲ့ တစ်နေ့တာ အမောတွေ လူချင်းတွေ့ချိန် မပြောဖြစ်တာတွေ အစုံပေ့ါ။

နောက်တော့လည်း ပြောရင်းပြောရင်း သံယောဇဉ်ဖွဲ့ စကားလေးတွေလည်း ပြောဖြစ်တာအမှန်။

ဒီတော့လည်း တစ်ရက်နဲ့ တစ်ရက် တစ်စထက်တစ်စ မမြင်နိုင်သော ကြိုးလေးနဲ့ ချည်နှောင်မိသလို့ ။

ညည မိုးချုပ်အထိစကား ပြောနေကြတာကို သိသွားတော့ ဒေါ်လေးကတောင် "နင်တို့ နှစ်ယောက် ပြောလို့ ကို မဝနိုင်ဘူးလား"လို့ မေးယူရတဲ့ အထိပါပဲ။

ပြောရင်းနဲ့ သိလာတဲ့ သူ့အကြောင်းတွေကြောင့် သူ့ကို ပိုသနားမိ သလိုပါပဲ။

ကိုယ့်အကြောင်းတွေကို သူသိသွားချိန် သူ့ရင်ထဲ ဘယ်လိုရှိမလဲ ဆိုတာကိုတော့ သိချင်လှပါတယ်။

သူ့ကို ကိုယ်က ချစ်များ နေပြီလားလို့ ကိုယ့်ကိုကိုယ် ပြန်မေးကြည့်မိတော့လည်း ရေရေရာရာ ပြတ်ပြတ်သားသား မဟုတ်ပြန်။

သူကလည်း ကိုယ့်ကို ဘာမှ ရေရေရာရာ မပြော။

မျက်ဝန်းခြင်းဆုံလို့ ကြည့်မိရင်တော့ သူက ကိုယ့်ဆီက တစ်ခုခုတောင်းခံနေသလို။

သူကလဲ ကိုယ့်ကို ချစ်နေသလိုလို။

ကိုယ်စိတ်က ကိုယ်လိုရာဆွဲလို့ တွေးမိသလားတော့ မသိပါဘူး။

စိတ်ထဲမှာ အတားအဆီးလိုဖြစ်နေမိတဲ့ တစ်ခုကတော့ ကျွန်မက သူ့ထက် အသက်ခြောက်နှစ်တိတိ ကြီးနေတာပါပဲ။

နောက်ပြီး အတူနေလို့ သံယောဇဉ်က တစ်ဆင့် ချစ်မိသလိုလို ဖြစ်

နေပေမယ့် ကလေးကိုမုန့်ပေး ကြိုက်တယ်လို့ အပြောခံရမှာ လဲ စိုးမိတာတော့ အမှန်။

ဒီလိုနဲ့ သူနဲ့ အခုလို ဆက်စပ်ပတ်သက် မိတာ တစ်နှစ်ကျော်လို့ နှစ်နှစ်နီးပါးတောင် ရှိလာပါတယ်။ အလုပ်ပိတ်တဲ့ ဥပုသ်နေ့ တစ်နေ့ရဲ ညနေခင်း တစ်ခုမှာ တော့ သူက ထူးထူးဆန်းဆန်း

"မမနွယ်ကို ပြောစရာရှိတယ် လမ်းလျှောက်ရင်း ပြောကြရအောင်"

ဒါနဲ့ ဘဲအိမ်ကနေ လမ်းလျှောက် ထွက်လာကြတာ ပြည်ကြီးမွန် ဖောင်တော်နား အရောက်ထိ ဘာမှ မပြောသေးဘူး။

အဲဒီကနေ မမြလေး ဘုရားလမ်း အကွေ့လေးအလွန် စွယ်တော်ပွင့်လေးတွေ ဝေနေတဲ့ အပင်အောက်ကို ရောက်တော့ သူက ရပ်လိုက်ပါတယ်။

ပြီးတော့ အသင့်ယူလာတဲ့ သတင်းစာလေးကို မြက်ခင်းပေါ် ထပ်ခင်းလိုက်ပါတယ်။ မြေပြင်နဲ့ မြက်ခင်းပေါ်မှာ တော့ စွယ်တော်ပွင့်ခရမ်းရောင် အကြွေလေးတွေက ဖွေးဖွေးလှုပ်။

နောက်တော့ သူက ကျွန်မလက်မောင်းကို ကိုင်လို့ ကျွန်မမျက်နှာကို သူ့ဖက်ကို ဆွဲလှည့်ပြီး ကျွန်မမျက်နှာကို ကြည့်ရင်း "မမနွယ် ..."

လို့ ဆိုလိုက်တဲ့ စကားကြောင့် ကျွန်မမှာ အသက်ရှူတွေ ရပ်သွားသလို ...

***